အိန္ဒိယနိုင်ငံမှ ဧည့်သည်တော်ဆရာသခင်ကြီး ဟဇ်ရဉ်မော်လာနာခလီးလ်အဟ်မဒ်ဒေဝါးဝါလား ဟောကြားသော ကိယာမသ်နီးကပ်လာခြင်းအကြောင်း

မိတ်ဆွေတို့ ၊ ကိယာမသ်ဟာ အရမ်းကို နီးကပ်လို့နေပါပြီ၊ ကျွန်တော်တို့ဟာကိယာမသ်နဲ့ အရမ်း နီးကပ်နေပါပြီ၊ ဒီစကားကို စိတ်ကမယုံမကြည်ဖြစ်နေရင် အလ္လာဟ်အရှင်မြတ်နဲ့ အိစ်သိခါရဟ်ပြုလုပ်ကြည့် ပါ။ ကိယာမသ်ရဲ့ လက္ခဏာတွေဟာ လက္ခဏာအသေးတွေနဲ့ အကြီးတွေဆိုပြီး နှစ်မျိုးရှိတယ်၊ လက္ခဏာ အသေးတွေအားလုံးဖြစ်ခဲ့ပြီးပြီး လက္ခဏာအကြီးတွေထဲကိုဝင်သွားပါပြီ။

မိရ်ှကားသ်ကျမ်းထဲမှာ ကိယာမသ်ရဲ့ လက္ခဏာအသေးပေါင်းမြောက်များစွာဖော်ပြထားပြီး နောက်ဆုံးမှာဖြစ်မယ့် လက္ခဏာနှစ်ခုပြထားတယ်၊ ပထမတစ်ခုက ကိယာမသ်နီးလာပြီဆိုရင် အလ္လာဟ် အရှင်မြတ်ဟာအချိန်တွေထဲကနေ ဗရ်ကသ်ကို ရုတ်သိမ်းလိုက်မယ်၊ တစ်နှစ်ဟာတစ်လလောက်ပဲကြာမယ်၊ တစ်လဟာတစ်ပတ်လောက်ဖြစ်သွားလိမ့်မယ်၊ တစ်ပတ်ဟာတစ်ရက်လောက်ဖြစ်သွားမယ်လို့လာရှိတယ်၊ အခုကြည့်ပါ၊ ဒါကျွန်တော်တို့အားလုံးလက်တွေ့ခံစားနေရတဲ့အချက်ပဲ မဟုတ်ဘူးလား၊ တစ်နှစ်တစ်နှစ် ရမ်ဇာန်လရောက်လာပြီဆိုရင် မနှစ်ကရမ်ဇာန်ကုန်သွားတာတစ်လလောက်ပဲရှိသေးတယ်၊ အခုရမ်ဇာန် ပြန်ရောက်လာပြီလို့ အားလုံးခံစားရတာအမှန်ပဲ၊ တစ်ပတ်ဟာတစ်ရက်လောက်ပဲထင်နေရတယ်၊ မလွဲဧကန် ဒါကတော့ဖြစ်နေပြီပဲ၊ ဒုတိယတစ်ခုက

လောကကြီးမှာ လိမ်လည်မှု၊ အရက်သေစာ၊ လောင်းကစား၊ သီဆိုကပြမှု၊ ဇိနာစတာတွေပျံ့နှံ့ များပြား လာပြီဆိုရင် အဲဒီ့နောက်မှာ ငလျင်လှုပ်မယ့်နှစ်တွေဆက်တိုက်ဖြစ်ပေါ်လာမယ်လို့လာရှိတယ်။

ကျွန်တော်ဟာ ၂၀၀၇ ခုနှစ်ကတည်းက နေ့စဉ်မပျက်အင်တာနက်မှာကြည့်တယ် ၊ ငလျင်တွေဟာ တစ်နေ့ထက်တစ်နေ့ပိုတိုး၊ ပိုများလာတယ်။ တစ်ချို့ရက်တွေမှာတစ်ရက်တည်းကို ကမ္ဘာတစ်ခုလုံးမှာ ငလျင် ပေါင်း ၈၀၊ ၁၀၀ကျော်၊ တစ်ချို့ရက်တွေမှာ ၁၅၀ ကျော်၊ ၂၀၀ ကျော် ထိပါလှုပ်ခဲ့တယ်၊ အခုလည်းပဲနေ့စဉ် နဲ့ အမျှကမ္ဘာ့အဝန်းမှာငလျင်တွေ ဆက်တိုက်လှုပ်နေတယ်၊ မယုံရင်အင်တာနက်မှာ google ရိုက်ပြီး the latest earthquakes in the earth ဆိုပြီး search လုပ်ကြည့်ပါ၊ အဲဒီမှာ EMSC ဆိုတဲ့ website မှာကြည့်လိုက်ပါ။

အခုပဲကရှ်မီးရ်မှာ လျှောင်လှုပ်သွားတာ အလ္လာဟုအက်ဗရ်၊ ကရှ်မီးရ်တစ်ဝက်ကိုလှုပ်ခါသွားစေတယ်၊ Paris မှာလျှောင်လှုပ်သွားတာမြို့ရဲ့ ၄ ပုံ ၃ပုံရဲ့ ရေပိုက်လိုင်းတွေကို အလ္လာဟ်အရှင်မြတ်ရိုက်ချိုးပစ်လိုက်တယ်၊ မြေပထဝီကြီးရဲ့အောက် ၂၃ ကီလိုမီတာအထိ လျှောင်ဟာအထဲကိုသွားတယ်၊ သိပ္ပံပညာရှင်တွေပြောဆိုချက် အရအကယ်လို့သာ ဒီလျှောင်ဟာ အပေါ်ကိုတက်လာမယ်ဆိုရင် Paris ရဲ့တစ်ဝက်ဟာပျောက်ကွယ်သွားလိမ့် မယ်။ နေ့တိုင်းလိုလိုလျှောင်ကြီးတွေတစ်ကမ္ဘာလုံးမှာလှုပ်ခတ်နေတယ်၊ စဉ်းစားလိုက်ပါ၊ တစ်ကမ္ဘာလုံးဟာ ဝတ်လစ်စလစ်ဖြစ်နေပြီ၊ လိမ်လည်မှုသားကတော့ မွတ်စ်လင်မ်တွေထဲမှာတောင် ဘာပြောစရာကျန်သေးလဲ၊ အရက်၊ လောင်းကစား၊ အကအခုန်၊ အသီအဆို၊ ဇိနာအမှုတွေ တစ်ကမ္ဘာလုံးမှာ ဘယ်လောက်ပျံ့နှံ့နေလဲဆိုတာအားလုံးသိရှိတဲ့အတိုင်းပဲ။ နောက်ရောဂါတစ်ခုဟာ အမေရိကကနေ ပျံ့နှံ့လာတာဒီနေ့ အာရှတိုက် ကိုလည်း တော်တော်လေးတိုက်ခတ်နေတယ်၊ လိင်တူချင်းရောဂါပါ၊ ဘယ်လောက်ရွံဖို့ကောင်းလဲ၊ တမန်တော် လူးတ္တ် (အလိုင်ဟိစ္စလာမ်) ရဲ့ အုပ်စုထဲမှာဒီရောဂါဖြစ်လာတာ၊ အလ္လာဟ်အရှင်မြတ် ၃ ရက်အတွင်းမှာ ဖျက်ဆီးလိုက်တယ်၊ ဒီကနေ့ ဒီရောဂါကမ္ဘာမှာပြန့်နေတာ၊ အလ္လာဟ်အရှင် ဒီကမ္ဘာကြီးကို မဖျက်ဆီးပဲနေ ဦးမလား၊ သိပ်မကြာခင်ဖျက်ဆီးပစ်တော့မှာပါ။

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့က ထုတ်တဲ့နာဆာကုမ္ပဏီထုတ် Science Magazine (သိပ္ပံမဂ္ဂဇင်း) မှာ ဒီလရဲ့ မျက်နှာဖုံးသတင်းမှာ ခေါင်းစဉ်အကြီးကြီးနဲ့ Earth Incrizing မြေကြီးဟာ အန္တရာယ် ထဲကိုရောက်နေပါပြီ။ မြေကြီးကိုဘယ်သူမှမကယ်တင်နိုင်တော့ဘူး၊ နောင်နှစ်အနည်းငယ်မှာပျက်စီးသွားဖို့ ရှိတယ်လို့ပါလာတယ်၊ Doomsday is not far ပျက်စီးဆုံးရှုံးမယ့်နေ့ဟာမဝေးတော့ဘူး၊ We are on a very dangerous stage in the world now ကျွန်တော်တို့ဟာအခုလက်ရှိတော်တော် အန္တရာယ်ရှိတဲ့စင်တစ်ခုပေါ်မှာ ရှိနေတယ်၊ ဘယ်တော့ပေါက်ကွဲပျက်စီးသွားမလဲမပြောနိုင်ဘူးလို့ ရေးနေကြတယ်။ အလ္လာဟုအက်ဗရ်၊ အလ္လာဟ်အရှင်မြတ်ရဲ့ စကားကလုံးဝမမှားနိုင်ဘူး သူတို့ဟာသိပ်မကြာခင်ပဲ ကိယာမသ်ဖြစ်မယ် ဆိုတာ လက်ခံကြရလိမ့်မယ်လို့မိန့်ထားတယ်၊ အခုသူတို့လက်ခံလိုက်ကြပြီလေ။ ၂၀၅၀ ခုနှစ် နောက်ပိုင်းမှာ ဘယ်လူသားမှ ကမ္ဘာပေါ်မှာ မရှိနိုင်ဘူးလို့ အခိုင်အမာပြောနေကြတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အီမာန်ကတော့အလ္လာဟ် အရှင်မြတ်ပေါ်မှာရှိတယ်၊ ကိယာမသ်ဘယ်တော့ဖြစ်မလဲ၊ ဘယ်နေ့ဖြစ်မလဲ ဆိုတာအတိအကျ အလ္လာဟ်မှ အပဘယ်သူမှမသိဘူး၊ တမန်တော်ကိုတောင်အသိမပေးထားဘူး (ကုရ်အာန်စူရဟ်အအ်ရားဖ်အာယသ် ၁၈၇)

ဗုခါရီကျမ်းမြတ်ထဲမှာ ကိယာမသ်အရမ်းနီးကပ်လာပြီဆိုရင် လက္ခဏာအကြီးတွေ ၁၀ခု ဖြစ်ပေါ်လာ မယ်လို့တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်တော်မူကြောင်းဆင့်ပြန်ချက်လာရှိတယ်။ အဲဒီ့ထဲက လက္ခဏာအကြီး ၄ခုဟာဖြစ်ခဲ့ပြီးပြီ။

နံပါတ် (၁) ။ မြေကြီးထဲကနေ အခိုးအငွေ့တွေထွက်လာပြီး မိုးကောင်းကင်ပေါ်မှာ ပျံ့နှံ့သွားလိမ့်မယ်။ စူရဟ်ဒုခါးန်၊ အာယသ်တော် ၁၁ မှာ အရှင်မြတ်မိန့်တော်မူတယ်။ အခိုးအငွေ့တွေဟာ မိုးကောင်းကင်ပေါ်မှာ ပျံ့နှံ့သွားမယ်၊ လူသားတွေကိုအကြီးအကျယ်ဖမ်းချုပ်ထား လိုက်မယ်။ ဒီအဖြစ်အပျက်ဟာ ၂၀၁၀ ခုနှစ် ဧပြီလ ၁၄ ရက်ကနေ ၂၄ ရက်နေ့ထိ အီတလီနဲ့ ဂျာမနီရဲ့အနီး၊ Island မှာဖြစ်ခဲ့ပြီးပြီ။ မြေကြီးကနေ ၁၀ ရက်တိုင်တိုင် အခိုးအငွေ့တွေထွက်ပြီးမိုးကောင်းကင်ကိုဖုံးအုပ်လိုက်တယ်၊ ဘယ်လောက်ထိ ဖမ်းချုပ် လိုက်လဲဆိုရင် အဲဒီ့ ၁၀ ရက်မှာ ကမ္ဘာတစ်ဝှမ်းလုံးမှာ ခရီးသည် ၆ သန်းဟာ ကမ္ဘာ့လေဆိပ်တွေမှာပိတ်မိသွားတယ်။ လေယာဉ်တွေလုံးဝမပျံသန်းခဲ့ဘူး၊ ဥရောပတိုက် တစ်ခုတည်းမှာပဲ နေ့စဉ်လေယာဉ်အစင်းပေါင်း ၃၀၀၀၀ ခန့်ပျံသန်းတယ်၊ ဒါပေမဲ့ အဲဒီ့ရက်တွေမှာ ၃၊ ၄ စင်းကလွဲပြီးတစ်စင်းမှ မပျံသန်းခဲ့ဘူး။ အမေရိကတိုက်မှာ နိုင်ငံပေါင်း ၅၀ လောက်ရှိတယ်၊ လေယာဉ်တစ်စင်းမပျံခဲ့ဘူး။

နံပါတ် (၂) ။ အရှေ့အရပ်မှာ ငလျင်လှုပ်မယ်၊ မြေကြီးကလူတွေကို မျိုပစ်မယ်။ ဒီအချက်က ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံမှာဖြစ်ခဲ့တဲ့ငလျင်ပဲ၊ လူပေါင်း ၁ သိန်းခွဲလောက်သေခဲ့တယ်၊ ၁ သောင်း လောက်မြေကြီးထဲဝင်သွားခဲ့တယ်။

နံပါတ် (၃) ။ အနောက်အရပ်မှာ မြေငလျင်လှုပ်ပြီး၊ လူတွေမြေကြီးထဲဝင်သွားမယ်။ ဒီအချက်က ၂၀၁၁ ခုနှစ်က တူရကီမှာဖြစ်ခဲ့တယ်၊ လူပေါင်း ၃၀၀၀ လောက်မြေကြီးထဲဝင်သွားခဲ့တယ်။

နံပါတ် (၄) ။ အရဗ်ကျွန်းဆွယ်ဒေသမှာ ငလျင်လှုပ်မယ်၊ မြေမျိုမှုဖြစ်မယ်။ ဒီအချက်က ၂၀၁၂ခုနှစ်က အီရတ်၊ အီရန်နဲ့ ယီမင်နိုင်ငံတွေမှာ ဖြစ်ခဲ့တယ်၊ လူပေါင်း ၁၅၀၀ လောက်မြေကြီးထဲဝင်သွားတယ်၊ ငလျင်ရဲ့အရှိန်က ဆော်ဒီနိုင်ငံထိသွားတယ်။

နံပါတ် (၅) ။ နေကအနောက်အရပ်ကနေ ထွက်လာမယ်၊ ကိယာမသ်အထိအရှေ့အရပ်ဘက်ကိုသွားပြီးနေဝင်သွားမယ်။

နံပါတ် (၆) ။ မြေကြီးထဲကတိရစ္ဆာန်ထွက်လာမယ်၊ ကိယာမသ်အကြောင်းကြေညာမယ်။

နံပါတ် (၇) ။ တမန်တော်အီစာ (အလိုင်ဟိစ္စလာမ်) မိုးကောင်းကင်ပေါ်ကနေဆင်းလာမယ်။

နံပါတ် (၈) ။ မျက်လုံးတစ်ဖက်ကန်း ဒဂ်ျဂျားလ် ထွက်လာမယ်။ ဒီအတောအတွင်းမှာပဲ အိမာမ်မဟ်ဒီ (အလိုင်ဟိစ္စလာမ်) သခင်ပေါ်လာမယ်၊တမန်တော် အီစာနဲ့ အိမာမ်မဟ်ဒီသခင်နှစ်ပါး ပူးပေါင်းပြီး ဒဂ်ျဂျားလ်ကိုအဆုံးစီရင်လိမ့်မယ်။

နံပါတ် (၉) ။ ယာဂျူးဂ်ျ၊ မာဂျူးဂ်ျ လူမျိုးတွေ ထွက်လာပြီး ကမ္ဘာပေါ်မှာ ပြဿနာဖန်တီးမယ်။

နံပါတ် (၁၀) ။ အရပ်ကျွန်းဆွယ်မှာ ယီမင်ပြည်ကနေ မီးထွက်ပြီး၊ လူတွေကိုဟရှရ်အထိခေါ်သွားမယ်။

မုစလ်မာန်တို့၊ ကိယာမသ်ရဲ့ လက္ခဏာအကြီးတွေထဲက ၄ ခုတောင်ဖြစ်ခဲ့ပြီးပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ဟာမေ့လျော့မှုထဲမှာရှိနေတယ်၊ ကိယာမသ်ကို လုံးဝမေ့ပြီးအိပ်နေကြတယ်။ ကျွန်တော်ပြောတာကိုသံသယဖြစ်နေရင် အိစ်သိခါရဟ်လုပ်ကြည့်လိုက်ပါ။ ဟဒီးစ်တော်မှာ လာရှိတယ်၊ အကြင်သူဟာ အလ္လာဟ်အရှင်မြတ်နဲ့ အိစ်သိခါရဟ်လုပ်မယ်ဆိုရင် အရှင်မြတ်ဟာ မိမိမရှိဝရဟ်ကို သူ့ကို ရက်အနည်းငယ် အတွင်းမှာပဲ ပြလိုက်တယ်။ ကျွန်တော် အင်္ဂလန်နိုင်ငံ၊ လဲစ်တရ် မြို့ဂျာမေအ်ဗလီမှာ ဒီလို ကိယာမသ်နီးကပ် နေတဲ့အကြောင်းပြောတော့ အဲဒ့ီကဟာဂျီဆပ်တစ်ယောက်က သံသယ ဖြစ်တယ်၊ အိမ်ရောက်ပြီး ဇနီးကို သွားပြောတယ်။“ဘယ်လိုလုပ်ကိယာမသ်အခုရောက်လာပြီလဲ၊” ဇနီးက ပြောတယ် “ဆရာကအကောင်း ပြောနေတာပါ၊ ရှင်မယုံရင် အိစ်သိခါရဟ်လုပ်ကြည့်ပါ” ဆိုတော့ သူက အိစ်သိခါရဟ်လုပ်တယ်၊ ၃ ရက်ကြာတော့ အဲဒ့ီဟာဂျီဆပ်ကကျွန်တော့်ကိုရှာပြီးရောက်လာတယ်၊ ကျွန်တော့်ကို ဖက်ပြီးငိုရင်းပြောပြတယ် “ကျွန်တော်အိစ်သိခါရဟ်လုပ်တော့ အလ္လာဟ်အရှင်မြတ်က ကျွန်တော့်ကို ပြောတယ် အိုင့်ါရဲ့မေ့လျော့နေတဲ့ဗန်ဒဟ်၊ အသင်ဟာငါအရှင်ကို ကိယာမသ်နဲ့ပတ်သက်ပြီး မေးနေတာလား၊ ငါအရှင်ကတော့ အခုသောင်ဗဟ် ရဲ့တံခါးကို အလွန်လျင်မြန်စွာပိတ်တော့မှာ” လို့ဖြေတယ်။

ကိယာမသ်ရဲ့လက္ခဏာအကြီး ၄ ခုဖြစ်ပြီးတော့ နံပါတ် ၅ ဖြစ်တဲ့ နေဟာအနောက်ဘက်ကနေ ထွက်လာဖို့လုံးဝနီးကပ်နေပါပြီ။

ဗုခါရီကျမ်းရဲ့ ဟဒီးစ်တော်တစ်ခုမှာလာရှိတယ်

ကိယာမသ်နီးကပ်လာပြီဆိုရင် မုအ်မင်န်တွေဟာ မှန်ကန်တဲ့အိပ်မက်တွေကို မက်ကြလိမ့်မယ်။ မုအ်မင်န်တွေကို အလ္လာဟ့်ဘက်ကနေ ကိယာမသ်နဲ့ ပတ်သက်ပြီး သတင်းတွေပေးလိမ့်မယ်၊ နောက်ဟဒီးစ် တော်တစ်ခုမှာလာရှိတယ်၊ မုအ်မင်န်တစ်ယောက်ရဲ့ အိပ်မက်ကောင်းတစ်ခုဟာ နဗူဝသ်ရဲ့ ၄၆ ပုံ ၁ ပုံအဆင့် ရှိတယ်။ မှတ်ထားရမှာက အိပ်မက်မက်လို့ ဘယ်သူမှ ဝလီမဖြစ်ဘူး၊ ဒါကတော့ အလ္လာဟ့်ရဲ့ စီမံကိန်းပဲ ကြိုက်တဲ့သူကို ကြိုက်တာမြင်စေလိုက်တယ်၊ ကျွန်တော်ဟာ ၂၀၀၇ ခုနှစ်မှာ အိပ်မက်တစ်ခုမက်တယ်၊ နေဟာအနောက်ဘက်ကနေထွက်လာပြီး အရှေ့ဘက်ကို သွားပြီးကပ်သွားတယ်လို့မြင်တယ်၊ အဲဒီနေ့ကစပြီး ကိယာမသ်နဲ့ ပတ်သက်ပြီးနေ့စဉ်နေ့တိုင်းပြောတော့တယ်၊ အခုတော့အခြေအနေကမကောင်းတော့ဘူးဆိုတာ သိလိုက်ရတယ်။ ကျွန်တော် ၂၀၀၇ ခုနှစ်ကပဲ ရမ်ဇာန်လအလျင်မှာ အိပ်မက်တစ်ခုမက်တယ်၊ မတ်စ်ဂျေဒေ နဗဝီ (တမန်တော်မြတ်ရဲ့ဗလီဝတ်ကျောင်းတော်) ကိုမိုးကောင်းကင်ပေါ်မှာ အရှေ့အရပ်မှာမြင်တယ်၊ တမန်တော်ရဲ့ရောင်ဇွာတော်၊ အစိမ်းရောင်ဂုမ်ဗဒ်တော်ရှိတဲ့ဘက်မှာ စာလုံးအကြီးကြီးတွေနဲ့ လင်းလက်စွာ ရေးသားထားတယ်။ "ကိယာမသ်နေ့ဆိုက်ရောက်လာပြီ"။

ကမ္ဘာ့အီမာန်ရှင်တွေ အိပ်မက်တွေမက်နေကြတယ်၊ မြောက်များစွာသော အီမာန်ရှင်တွေ ကျွန်တော့်ကို နေကိုအနောက်ကထွက်နေတာမြင်တယ်လို့လာပြောတယ်၊ ကျွန်တော်မကြာခင်ကပဲအဟ်မဒ် အာဘားဒ်သွားပြီး ဗယာန်ဟောတယ်၊ အဲဒီမှာ ကျွန်တော့် stage ပေါ်ကို လူအယောက် ၂၀ လောက်တက်လာ ပြီးသူတို့မက်တဲ့အိပ်မက်တွေအကြောင်းပြောကြတယ်၊ တချို့ကတမန်တော်အီစာ ဆင်းသက်လာတာ မြင်တယ်၊ တစ်ချို့ကနေကိုအနောက်ဘက်ကနေ ထွက်နေတာမြင်တယ်၊ တစ်ချို့ကအီမာမ်မဟ်ဒီကိုမြင်တယ်၊ အမျိုးမျိုးလာပြောကြတယ်။

ဒအ်ဝသိုသဗ်လီးဂ်လုပ်ငန်းမှာ အချိန်ပေးနေတဲ့ လက်ရှိမုမ်ဘိုင်းက ကျွန်တော့်မိတ်ဆွေ မော်လာနာ အဗ်ဒုရ်ရရှီးဒ်ကာစိမီဆွာဟိဗ်ဟာ သူအလ္လာဟ့်လမ်းထွက်နေတဲ့အချိန် မက်တဲ့ အိပ်မက် ၃ ခု အကြောင်း ကျွန်တော့်ကို ပြောပြတယ်။

နံပါတ် (၁) ။ မျက်လုံးတစ်ဖက်ကန်းတဲ့ဒဂ်ျဂျားလ်ကို မြင်တယ်၊ နဖူးမှာ ကာဖိရ်ရေးထားတယ်။

နံပါတ် (၂) ။ နေလုံးကြီးအနောက်ဘက်ကနေ ထွက်လာတာကို မြင်တယ်။နံပါတ် (၃) ။

မြေကြီးကနေ တိရစ္ဆာန်ထွက်လာတာ မြင်တယ်။

စူရသ်မှာ ဒါရုလ်အုလူးမ်ကျောင်းတစ်ခုမှာ ဖတ်နေတဲ့ မိန်ကလေးတစ်ယောက် မက်တဲ့ အိပ်မက် တစ်ခုကို သူ့ဦးလေးဖြစ်တဲ့သူက ကျွန်တော့်ကို ပြောပြတယ်။ ၁၄ ရက်နေ့ည

လပြည့်ဝန်းထွက်နေတယ်။ လရဲ့ အဝိုင်းရဲ့ လေးဘက်စလုံးမှာ ရေးထားတယ်။ "လူတွေကို နိုးကြားစေလိုက်တော့၊ ငါအရှင် အခု ဒုန်ယာ လောကကြီးကို လိပ်သိမ်းတော့မယ်။"

နောက်အမျိုးသမီးငယ်တစ်ယောက် အိပ်မက်မက်တာ သူ့အဖိုးကပြောပြတယ်။ မိုးကောင်းကင် ပေါ်မှာ ဂူဂျ်ရာသီဘာသာစကားနဲ့ ရေးထားတယ်။ "လူတွေကို အကြောင်းကြားလိုက်ပါ၊ ကိယာမသ်ဟာ အရမ်းနီးကပ်သွားပြီ။"

ဒါအလ္လာဟ့်ဘက်ကနေ Alarm ပေးနေတာပါ။ နှိုးဆော်သံတွေပါ။ နေက အနောက်အရပ်က ထွက်တော့ဖို့ အရမ်းနီးကပ်နေပါပြီ၊ အမေရိကန်နိုင်ငံထုတ် The Time သတင်းစာမျက်နှာဖုံးမှာ The Nasa Confirm the Probability of Sunrise from west နေဟာ အနောက်အရပ်ဘက်ကနေထွက်လာဖို့ လုံးဝအဆင်သင့်အနေအထားမှာရှိကြောင်း နာဆာအဖွဲ့က အတည်ပြုလိုက်ပြီလို့ ပါလာတယ်။ မွတ်စ်လင်မ် ကျမ်းရဲ့ ဟဒီးစ်တော်မှာလာရှိတယ်။ နေက အနောက်အရပ်ကထွက်လာပြီဆိုရင် သောင်ဗဟ်ရဲ့ တံခါးပိတ် သွားပြီ၊ အဲဒီအချိန် ကာဖိရ်တွေအားလုံး အီမာန်လက်ခံရင်လည်း အလ္လာဟ်အရှင် လက်မခံတော့ဘူး၊ မုအ်မင်န်တွေသောင်ဗဟ်လုပ်ရင်လည်း လက်မခံတော့ဘူး။ ဒါ့ကြောင့် နေကို အနောက်ဘက်က မထုတ်ခင် အရှင်မြတ်ဟာ ကျွန်တော်တို့ကို သတိတွေပေးနေတာပါ။ သောင်ဗဟ်တံခါးမပိတ်သေးဘူး။ အမြန် သောင်ဗဟ်လုပ်လိုက်ကြပါ။ သိပ်မကြာခင်သောင်ဗဟ်တံခါးပိတ်တော့ဖို့ ရှိပါတယ်။

ဒါကြောင့် မုစလ်မာန်တွေ အီမာန်ရှင်တွေအနေနဲ့ ဒီစကားတွေ၊ ကိယာမသ်အရမ်းကို နီးကပ် နေပြီဆိုတာကို ကမ္ဘာသိအောင်ဖြန့်ပါ၊ လက္ခဏာကြီး ၄ ခုပြီးသွားပြီဆိုတာ လူတွေကိုအသိပေးပါ။ ကာဖိရ် များကိုလည်း ကုရ်အာန်၊ ဟဒီးစ်ရဲ့ စကားတွေနဲ့ သိပ္ပံကို ယှဉ်ပြီးပြပါ။ အစ္စလာမ်ရဲ့ မှန်ကန်မှုကို ဖြန့်ချီပါ၊ Internet ရဲ့ အကြောင်းခံ၊ မီဒီယာရဲ့ အကြောင်းခံနဲ့ ဖြစ်စေဖြန့်ပါ၊ ကိယာမသ်ကို အကြောင်းခံပြီး အုမ္မသ်ကို နှိုးပါ၊ မေ့လျော့နေမှုကို ရှောင်ပါ၊ မိမိတို့ရဲ့ အာခိရသ်ဘဝ၊ ဂျန္နသ်အတွက်ပြင်ဆင်ကြပါ။ အအ်မာလ် တွေကို အိခ်လားဆ္ဆနဲ့လုပ်ကြပါ။ အရာရာတိုင်းကို ဒီးန်ရဲ့ဘောင်ထဲကနေ ဆောင်ရွက်ကြပါလို့ နှိုးဆော်ပါတယ်။

အင်န်ရှာအလ္လာဟ် ကိယာမသ်ဖြစ်မှုပဲ ဂျန္နသ်ကို သွားရမှာပါ။ အလ္လာဟ်အရှင်မြတ် ကျွန်တော်တို့ကို စစ်မှန်တဲ့ သောင်ဗဟ်လုပ်နိုင်စွမ်းပေးပြီး ဂျန္နသ်ကို သွားဖို့ပြင်ဆင်နိုင်တဲ့ သောင်ဖီးက်စွမ်း အားများ ချီးမြှင့်ပေးသနားတော်မူပါစေ။ အာမီးန်။

ဆရာသခင်ကြီးရဲ့ ဟောကြားချက်များကို ဘာသာပြန်ဆိုထားခြင်းသာ ဖြစ်ပါတယ်။

ပြန်ဆိုတင်ပြသူ

ဟာဖိဇ်မုဟမ္မဒ်ရိုင်ဟာန်အာကူဂျီး